# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 21, 2020 | Volume 36, Number 15


### ၂၁.၁၀.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၁၆ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၁၈၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၂၆/- ကျပ် |
| CBM Rate | = ၁၂၉၄.၂ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၃၃.၆ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၅၄.၈၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၈၇.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၁၅.၅၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၄.၄၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၇. ၅၈၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၂၂ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၂.၁၉ ကျပ် |
| ၂ ထိုင်းဘတ်တစ်ဘတ် | =၄၁.၄၄၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## COVID-19 အလွန်ကာလတွင် မြန်မာနိုင်ငံ၏စီးပွားရေးကဏ္ဍ ပို၍ကြံ့ခိုင်နိုင်စွမ်းရှိလာစေရန် Myantrade ၏ ကုန်သွယ်ရေးသတင်းအချက်အလက် ဝက်ဘ်ဆိုက်အသစ်တစ်ခုအား စတင်အကောင်အထည်ဖော်ခြင်း






မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Myantrade) သည် အဆင့်မြင့်လုပ်ဆောင်ချက်များ၊ Function များနှင့် စုံလင်သည့်အကြောင်းအရာများ ပါဝင်သော ဌာနဆိုင်ရာ ဝက်ဘ်ဆိုက်အသစ် (www.myantrade.gov.mm) ကို ယနေ့တွင် စတင် လွှင့်တင်ခဲ့ပြီဖြစ်ပါသည်။ ဤဝက်ဘ်ဆိုက်အသစ်သည် မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို နိုင်ငံတကာဈေးကွက်များသို့ တိုးချဲ့လိုသော အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများနှင့်၊ မြန်မာနိုင်ငံမှကုန်ပစ္စည်းများကိုဝယ်ယူပြီး ဝန်ဆောင်မှုများကို ရယူလိုသော နိုင်ငံတကာမှဝယ်ယူသူများအတွက် အရေးပါသည့် သတင်းအချက်အလက်ရင်းမြစ်တစ်ခုဖြစ်လာမည်ဖြစ်ပါသည်။ ဝက်ဘ်ဆိုက်အသစ်တွင် မြန်မာကုမ္ပဏီများသည် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များကို ပြည့်ပြည့်စုံစုံ၊ အချိန်နှင့်တစ်ပြေးညီ တစ်စုတစ်ဝေးတည်း ရရှိလေ့လာနိုင်မည်ဖြစ်ပါသည်။ COVID-19 ကမ္ဘာ့ကပ် ရောဂါကြောင့် အသွားအလာများကန့်သတ်ထားချိန်တွင် ကုမ္ပဏီများသည် အရည်အသွေးပြည့်ဝသော ကုန်သွယ်မှုဆိုင်ရာသတင်းအချက်အလက်များကို အွန်လိုင်းမှတဆင့်ရယူခြင်းဖြင့် မိမိတို့စီးပွားရေးလုပ်ငန်းအတွက် ပြန်လည်ကုစားမှုအစီအစဉ်များနှင့် ဈေးကွက်ချဲ့ထွင်ရေးကို အလွယ်တကူနှင့် ဘေးကင်းစွာစီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ယခုအခါ မြန်မာနိုင်ငံမှ စိတ်အားထက်သန်လှသည့် တင်ပို့သူများသည် ကမ္ဘာ့ကုန်သွယ်ရေးစီးဆင်းမှုဆိုင်ရာ အချက်အလက်များ၊ စီးပွားရေးကဏ္ဍများနှင့် ထုတ်ကုန်အလားအလာများ၊ အခွန်နှုန်းထားများ၊ အကောက်ခွန်မဟုတ်သော သတ်မှတ်ချက်များ၊ မိမိဦးတည်သည့်ဈေးကွက်ဆိုင်ရာ စည်းမျဉ်းများ၏ အချက်အလက်များကို အွန်လိုင်းမှ အလွယ်တကူ ယူနိုင်ပြီဖြစ်ပါသည်။ မဟာဗျူဟာကျသည့် ဈေးကွက်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ရန်အတွက် ကိုယ်တိုင်ဆန်းစစ်သုံးသပ်နိုင်မည့် အစီအစဉ်များနှင့် နောက်ဆုံးပေါ် ကုန်သွယ်မှုအချက်အလက်များအား သုံးစွဲသူစိတ်တိုင်းကျ ရွေးချယ်

နိုင်သော အပြင်အဆင်များဖြင့် အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးထားပါသည်။ ဝက်ဘ်ဆိုက်အသစ်တွင် တောင်အာရှဒေသ၏ ဈေးကွက်သတင်းအချက်အလက်ရင်းမြစ်ကိုလည်း ပါဝင်ထည့်သွင်းထားပါသည်။ ထို့ပြင် မြန်မာ့အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို နိုင်ငံတကာတွင် ဝင်ဆံ့နိုင်ရန်အတွက် ထုတ်ပိုးမှုကုမ္ပဏီများ၊ ကုန်ပစ္စည်းတင်ပို့သူများနှင့် အကောက်ခွန်ဝန်ဆောင်မှုပေးသူများအထိပါဝင်သော "စီးပွားရေးအထောက်အကူပြု ဝန်ဆောင်မှု လုပ်ငန်းများ" စာရင်းကိုလည်း ထည့်သွင်းထားပါသည်။

မြန်မာနိုင်ငံ၏ ထူးခြားသောထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအကြောင်းကို သိရှိလေ့လာလိုသော နိုင်ငံတကာမှ ဝယ်ယူသူများအတွက် မြန်မာ့ပို့ကုန်များနှင့် တင်ပို့သည့်ကုမ္ပဏီများ၏ အဓိက သတင်းအချက်အလက်များကို ဤဝက်ဆိုက်တွင် ဖော်ပြထားပါသည်။ နိုင်ငံတကာမှဝယ်ယူသူများသည် အမြဲဆန်းသစ်မွမ်းမံလျက်ရှိသော တင်ပို့သူများ၏ ဒေတာအချက်အလက် များမှတဆင့် ပြည်တွင်းရောင်းချသူများကို လေ့လာသိရှိနိုင်မည်ဖြစ်ပါသည်။ နောက်ဆုံးတွင် e-Commerce Platform တစ်ခုဖြစ်လာမည့် အွန်လိုင်းဈေးတန်း (virtual marketplace) သည် အသေးစားနှင့်အလတ်စားလုပ်ငန်းများနှင့်၊ တင်ပို့သူ များအား ၎င်းတို့၏ ထုတ်ကုန်များကို ပြသနိုင်ရုံသာမက အရောင်းမြှင့်တင်နိုင်ရန်အတွက် ပံ့ပိုးပေးမည်ဖြစ်ပါသည်။

'မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ (Myantrade) ၏ Website အသစ်သည် ဌာနဆိုင်ရာပြယုဒ် ဝက်ဆိုက်အဖြစ် သာမက မြန်မာလုပ်ငန်းရှင်များ နိုင်ငံတကာသို့တက်လှမ်းနိုင်ရန် စဉ်ဆက်မပြတ် ပြောင်းလဲနေသော ကုန်သွယ်မှုသတင်းအချက် အလက်များကို ကိုယ်တိုင်ရှာဖွေစီမံနိုင်သည့် အချက်အလက်ရင်းမြစ်တစ်ခုပင် ဖြစ်ပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများသည် ကွန်ပျူတာများနှင့် မိုဘိုင်းဖုန်းများမှတစ်ဆင့် ယုံကြည်စိတ်ချရသော သတင်း အချက်အလက်များကို ရယူနိုင်တော့မည်ဖြစ်ပါသည်။ ဤအချက်ကြောင့်ပင် မြန်မာကုမ္ပဏီများသည် ကမ္ဘာ့ဈေးကွက်တွင် ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိလာလိမ့်မည်ဟု ထင်မြင်မိပါကြောင်း" မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Myantrade) မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ မှ ပြောကြားခဲ့ပါသည်။

ထို့ပြင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Myantrade) မှ ပုဂ္ဂိုလ်များထံ တိုက်ရိုက်မေးမြန်းနိုင်မည့် အစီအစဉ်ဖြစ်သည့် "Live Chat" ကိုလည်း အသုံးပြုနိုင်မည်ဖြစ်ပါသည်။ "စုံစမ်းမေးမြန်းမှုဆိုင်ရာ စီမံခန့်ခွဲရေးစနစ်" သည် အသုံးပြုသူများ၏ လိုအပ်ချက်နှင့်အညီ ဝန်ဆောင်မှုများကိုသေချာစွာပေးနိုင်ရန်နှင့် ဝန်ဆောင်မှုဆိုင်ရာအရည်အသွေးကို ကြည့်ရှုစစ်ဆေး နိုင်ရန်အတွက် Myantrade ကို ကူညီပေးနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်လေးက "မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Myantrade) ၏ ပြင်ဆင်မွမ်းမံထားသော သတင်း အချက်အလက် ဝန်ဆောင်မှုများသည် စီးပွားရေးလုပ်ငန်းရှင်များအား ပြည်ပရှိဈေးကွက်နှင့် အခွင့်အလမ်းများနှင့်ပတ်သက်ပြီး အသိပညာ ကွာဟမှုကို ပိုမိုကျဉ်းမြောင်းသွားစေရန် ကူညီပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ဤ Website အသစ်သည် အရေးကြီးသော ဈေးကွက်ဝေစုများရရှိရန်နှင့် မြန်မာနိုင်ငံ၏ပို့ကုန်ဆောင်ရွက်ချက်ကို မြှင့်တင်နိုင်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ပုဂ္ဂလိကကဏ္ဍများကို အကျိုးပြုသွားနိုင်မည်ဖြစ်ပါသည်။" ဟုထည့်သွင်းပြောကြားခဲ့ပါသည်။

Website ၏ ထူးခြားသည့် လုပ်ဆောင်နိုင်မှုတစ်ခုမှာ အွန်လိုင်းမှ လေ့ကျင့်ရေးသင်တန်းများကို ထည့်သွင်းထားခြင်းပင် ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းရှင်များသည် ၎င်းတို့၏ ဈေးကွက်ဆိုင်ရာစီမံခန့်ခွဲမှုစွမ်းရည်ကို ပိုမိုမြှင့်တင်ရန်အတွက် အထူးအွန်လိုင်း e-learning သင်တန်းများ ၏ သင်ခန်းစာအမျိုးမျိုးမှတစ်ဆင့် အလွယ်တကူလေ့လာနိုင်ပါသည်။ ဤ e-learning Platform သည် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအား ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များကို နည်းစနစ်တကျ ချမှတ်နိုင်ရန်အတွက် ကူညီပေးမည်ဖြစ်ပါသည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Myantrade) ၏ ကုန်သွယ်ရေးဆိုင်ရာအချက်အလက်ဝန်ဆောင်မှုများကို အဆင့်မြှင့်တင်ခြင်းစီမံကိန်းဆောင်ရွက်ချက်များအား မြန်မာကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုစီမံကိန်း (TIP)နှင့် ပူးတွဲဆောင်ရွက် ခဲ့ခြင်းဖြစ်ပါသည်။ TIP ကို ယူကေအစိုးရမှ ရန်ပုံငွေထောက်ပံ့မှုပေးပြီး နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC) မှ အကောင် အထည်ဖော်လျက်ရှိပါသည်။

**အယ်ဒီတာ့ထံသို့**

**မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ (Myantrade) :** Myantrade သည် မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးကိုမြှင့်တင်ရန် ဆောင်ရွက်နေသည့် ဌာနဆိုင်ရာအဖွဲ့အစည်းဖြစ်သည်။ Myantrade ၏ မျှော်မှန်းချက်မှာ မြန်မာနိုင်ငံမှ ကုန်ပစ္စည်းများသည် ပြည်တွင်းပြည်ပ ဈေးကွက်များတွင် ထိရောက်သည့် ယှဉ်ပြိုင်မှုမျိုးရရှိစေနိုင်ရန်အတွက် ဒေသခံကုမ္ပဏီများကို စွမ်းရည်မြှင့်တင်ပေးခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးနှင့်ပို့ကုန်များကို တိုးမြှင့်သွားရန်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများတွင် "မြန်မာနိုင်ငံတွင်ထုတ်လုပ်သည်"ဟု တံဆိပ်တပ်နိုင်ရန်လည်း ရည်ရွယ်ပါသည်။

**နိုင်ငံတာကုန်သွယ်မှုဗဟိုဌာန (ITC) :** ITC သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း(WTO) နှင့် ကုလသမဂ္ဂ (UN) တို့၏ ပူးတွဲအဖွဲ့အစည်းတစ်ရပ်ဖြစ်ပါသည်။ ITC သည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများနှင့်၊ ဈေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်းရန် ကြိုးစားနေသော စီးပွားရေးလုပ်ငန်းများအား ကမ္ဘာ့ဈေးကွက်တွင် ပို၍ ယှဉ်ပြိုင်လာနိုင်ရန်အတွက် အကူအညီများပေးအပ်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကုန်သွယ်ရေးအတွက် အထောက်အပံ့ပေးမှုအစီအစဉ် (Aid–for–Trade) နှင့် UN ၏ ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးပန်းတိုင်များ၏ မူဘောင်များနှင့်ကိုက်ညီသည့် စီးပွားရေးတိုးတက်မှုကို ဖြစ်ထွန်းလာစေရန် အားဖြည့်ကူညီလျက်ရှိပါသည်။ ITC အကြောင်းကို ပို၍သိရှိရရန် www.intracen.org. ကို ကြည့်ရှုနိုင်ပါသည်။ ITC အား Twitter: @ITCnews တွင်လည်း လေ့လာနိုင်ပါသည်။

**သတင်းအချက်အလက်များ ပိုမိုရယူရန် အောက်ပါလိပ်စာ သို့မဟုတ် ဖုန်းနံပါတ်အား ဆက်သွယ်နိုင်ပါသည်။**


***Ministry of Commerce***

***Myanmar Trade Promotion Organization (Myantrade)***

***https://www.myantrade.gov.mm***

***FB: facebook/MyanmarNES***

***228/240, 2nd Floor, Corner of Strand Road and Shwe***

***Bon Thar Street, Yangon***


**Source: Myantrade (မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့)**

## ပြည်ပဈေးကွက်သစ်များ ရှာဖွေနိုင်ရေးအတွက် စီးပွားရေးသံမှူးများနှင့် ယခုသီတင်းပတ်အတွင်း ဆွေးနွေးမည်

နယ်စပ်ကုန်သွယ်ရေး အဓိကလမ်းကြောင်းနှစ်ခုဖြစ်သော မူဆယ်နှင့်မြဝတီကို သက်ဆိုင်ရာနိုင်ငံများက တင်းကျပ်ထားမှုကြောင့် ပြည်ပဈေးကွက်သစ်များ အမြန်ဆုံးရှာဖွေနိုင်ရေးအတွက် နိုင်ငံရပ်ခြားရှိ မြန်မာနိုင်ငံဆိုင်ရာစီးပွားရေးသံမှူးများနှင့် ယခုသီတင်းပတ်အတွင်းဆွေးနွေးမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်ကပြောသည်။ ကုန်သွယ်ဖက် တရုတ်နှင့်ထိုင်းနိုင်ငံတို့သည် မြန်မာနိုင်ငံတွင်ဖြစ်ပွားနေသော COVID –19 ကပ်ရောဂါအခြေအနေကြောင့် ကန့်သတ်ပိတ်ဆို့ထားသော နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပြန်ဖွင့်ပေးရန် အလားအလာမရှိသည်မှာ ကုန်သွယ်ရေး ၏ အဓိကအခက်အခဲဟု ၎င်းကဆိုသည်။ "ဈေးကွက်သစ်ရှာဖွေမှုကို အရင်တစ်ပတ်ကတည်းက ဆွေးနွေးဖို့လုပ်နေတာ။ ဒါပေမဲ့ ကြိုတင်မဲပေးနိုင်ရေး လုပ်ငန်းစဉ်နဲ့ဆိုတော့မလုပ်ဖြစ်ခဲ့ဘူး။ ဒီရက်ပိုင်းပဲ ပြည်ထောင်စုဝန်ကြီးအပါအဝင် စီးပွားရေးသံမှူးတွေနဲ့ အွန်လိုင်းဆွေးနွေးပွဲလုပ်မယ်" ဟု ဦးခင်မောင်လွင်က ပြောသည်။

ရစ်နိုင်ငံတွင် စီးပွားရေးသံမှူး ကိုးဦး စေလွှတ်တာဝန်ပေးထားပြီး အမေရိကန်၊ ဂျပန်၊ အိန္ဒိယ၊ ဟောင်ကောင်၊ စင်ကာပူ၊ ထိုင်း၊ ဘယ်လ်ဂျီယံနိုင်ငံတို့တွင်တစ်ဦးစီနှင့် တရုတ်နိုင်ငံတွင် နှစ်ဦးစေလွှတ်ထားသည်။ စီးပွားရေးသံမှူးများကို ပြည်ပဈေးကွက်တွင် မြန်မာပို့ကုန်များ ဈေးကွက်ရှာဖွေရေးလုပ်ဆောင်ရန် နှင့် ဈေးကွက်လျော့ကျလာခြင်းကို ကုစားရန် စီးပွားကူသန်းပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ညွှန်ကြားထားသည်။ ယခုကပ်ရောဂါဖြစ်စဉ်ကြောင့် ရေရှည်တွင် ပြည်တွင်း၌ ကုန်စည်များသိုလှောင်ထားနိုင်ရန် (သို့မဟုတ်) စီးပွားရေးအရ အသာစီးရယူနိုင်ရန် အအေးခန်းသိုလှောင်ရုံများ ပိုမိုတိုးချဲ့ရမည်ဟုလည်း ဦးခင်မောင်လွင်က သုံးသပ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သောစာရင်းတွင် ထိုင်း၊ တရုတ် အပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် ယခု ၂၀၂၀-၂၁ ဘဏ္ဍာနှစ် ၁၀ ရက်အတွင်း ဒေါ်လာသန်း ၈၀ ကျော်သာ ကုန်သွယ်နိုင်ခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် ဒေါ်လာသန်း ၁၀၀ ကျော် လျော့နည်းခဲ့သည်။

**Source: https://7day.news/detail?id=202773**

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ခဲမဖြူနှင့်အဖြိုက်နက် ဖက်စပ်လုပ်ကွက်များမှ သတ္တုတန်ချိန် ၆၀၉ တန်ကျော် ထုတ်လုပ်ထားပြီး တနင်္သာရီတိုင်းဒေသကြီးမှ ၄၃၆ တန်ကျော်ဖြင့် အများဆုံးဖြစ်



၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ခဲမဖြူနှင့်အဖြိုက်နက် ဖက်စပ်လုပ်ကွက်များမှ သတ္တုတန်ချိန် ၆၀၉ တန်ကျော် ထုတ်လုပ်ထားပြီး တနင်္သာရီတိုင်းဒေသကြီးမှ ၄၃၆ တန်ကျော်ဖြင့် အများဆုံးဖြစ်ကာ ကယားပြည်နယ်မှ ၁၇၃ တန်ကျော် ထုတ်လုပ်ထားကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ သိရသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ခဲမဖြူနှင့် အဖြိုက်နက် ထုတ်လုပ်မှုတွင် ကယားပြည်နယ်တွင် ၂၀၁၉ ခုနှစ် အောက်တိုဘာလ အတွင်း ၁၈ ဒသမ ၂၈၉ တန်၊ နိုဝင်ဘာတွင် ၂၀ ဒသမ ၃၂၀၀ တန်၊ ဒီဇင်ဘာတွင် ၂၁ ဒသမ ၃၃၇၀ တန်၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် ၂၃ ဒသမ ၃၆၉၀ တန်၊ ဖေဖော်ဝါရီလတွင် ၂၁ ဒသမ ၃၃၇ တန်နှင့် မတ်လတွင် ၁၈ ဒသမ ဒသမ ၂၈၉၀ တန်၊ ဇူလိုင်လတွင် ၁၅ ဒသမ ၂၄၁၀၊ ဩဂုတ်လတွင် ၂၀ ဒသမ ၃၂၁၀ တန်နှင့် စက်တင်ဘာတွင် ၁၅ ဒသမ ၂၄၁၀ တန် ထုတ်လုပ်ခဲ့သည်။ တနင်္သာရီတိုင်းဒေသကြီးတွင် ၂၀၁၉ ခုနှစ် အောက်တိုဘာတွင် ၁၀ တန်၊ နိုဝင်ဘာတွင် ၄၅ ဒသမ ၈၂၂ တန်၊ ဒီဇင်ဘာလတွင် ၃၆ ဒသမ ၁၇၄၀ တန်နှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် ၃၃ တန်၊ ဖေဖော်ဝါရီတွင် ၄၅ ဒသမ ၇၁၄၀ တန်နှင့် မတ်လတွင် ၅၅ တန်နှင့် ဧပြီလတွင် ၂၈ တန်နှင့် မေလတွင် ၇၅ တန်၊ ဇွန်လတွင် ၃၁တန်နှင့် ဇူလိုင်လတွင် ၁၀ ဒသမ ၉၃၉၀ တန်၊ ဩဂုတ်လတွင် ၁၈ ဒသမ ၀၁၁၀ တန်နှင့် စက်တင်ဘာလတွင် ၄၇ ဒသမ ၆၅၁၀ တန် ထုတ်လုပ်ထားသည်။

လအလိုက်ထုတ်လုပ်မှုအနေဖြင့် ၂၀၁၉ ခုနှစ် အောက်တိုဘာတွင် ၂၈ ဒသမ ၂၈၉၀ တန်၊ နိုဝင်ဘာတွင် ၆၆ ဒသမ ၁၄၂၀ တန်၊ ဒီဇင်ဘာတွင် ၅၇ ဒသမ ၄၁၁၀ တန်၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် ၅၆ ဒသမ ၃၆၉၀ တန်၊ ဖေဖော်ဝါရီတွင် ၆၇ ဒသမ ၁၅၁၀ တန်၊ မတ်လတွင် ၇၃ ဒသမ ၂၈၉၀ တန်နှင့် ဧပြီလတွင် ၂၈ တန်နှင့် မေလတွင် ၇၅ တန်၊ ဇွန်လတွင် ၃၁ တန်နှင့် ဇူလိုင်လတွင် ၂၆ ဒသမ ၁၈ တန်၊ ဩဂုတ်လတွင် ၃၈ ဒသမ ၃၃၂၀ တန်နှင့် စက်တင်ဘာလတွင် ၆၂ ဒသမ ၈၉၂၀ တန် ထုတ်လုပ်ထားသည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင်လကုန်အထိ ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် အကြီးစား၊ အလတ်စား၊ အသေးစားနှင့် စမ်းသပ်လုပ်ကွက်အပါအဝင် စမ်းသပ်ဖြစ်မြောက်လုပ်ကွက်ပေါင်း ၁၂၀၀ နီးပါး ခွင့်ပြုမိန့်ထုတ်ပေးထားပြီး မန္တလေးတိုင်း ဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အများဆုံးခွင့်ပြုပေးထားကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဌာနမှသိရသည်။

**Source:** https://news-eleven.com/article/195942

## ရန်ကုန်မြို့သစ်စီမံကိန်း ပထမအဆင့်လုပ်ငန်းစဉ်များစတင်

ရန်ကုန်မြို့သစ်စီမံကိန်း ပထမအဆင့် လုပ်ငန်းစဉ်များ စတင်ဆောင်ရွက်နိုင်ပြီဟု ရန်ကုန်မြို့သစ် ဖွံ့ဖြိုးရေးကုမ္ပဏီ(NYDC) အမှုဆောင်အရာရှိချုပ် ဦးသိမ်းဝေက အောက်တိုဘာ ၂၀ ရက်တွင်ပြောသည်။ ရန်ကုန်မြို့တော် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် လုပ်ငန်းစဉ်များအကောင်အထည်ဖော်ရန် ယှဉ်ပြိုင်တင်ဒါတင်သွင်းရန် စိတ်ဝင်စားသည့်ကုမ္ပဏီများ အဆိုပြုလွှာတင်သွင်းရေးကို အောက်တိုဘာ ၁၅ ရက် တွင် Swiss Challenge တင်ဒါကော်မတီက ဖိတ်ခေါ်ခဲ့သည်။ "ကော်မတီရဲ့ ရည်ရွယ်ချက်ကတော့ စနစ်ကျပြီး ပွင့်လင်းမြင်သာတဲ့ Swiss Challenge လုပ်ငန်းစဉ်ကို ဖော်ဆောင်နိုင်ရုံသာမက

ပုဂ္ဂလိကကဏ္ဍက ပိုမိုပါဝင်နိုင်ပြီး ယှဉ်ပြိုင်မှုကိုအားပေးဖို့ ရည်ရွယ်ပါတယ်။ ဒါကြောင့် Swiss Challenge တင်ဒါလုပ်ငန်းစဉ်ကို ကြီးကြပ်ဆောင်ရွက်နိုင်ဖို့ နိုင်ငံတကာအကြံပေးလုပ်ငန်းအဖွဲ့ဖြစ်တဲ့ Roland Berger ကို ခန့်အပ်ခဲ့ပြီးဖြစ်ပါတယ်''ဟု ဦးသိမ်းဝေကဆိုသည်။

Swiss Challenge တင်ဒါကော်မတီတွင် ကော်မတီဝင်ငါးဦးပါဝင်ပြီး ဥက္ကဋ္ဌအဖြစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗရတ်ဆင်း၊ ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးရဲမင်းဦးနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးတို့ပါဝင်သည်။ အဆိုပါစိတ်ဝင်စားမှုဖော်ပြလွှာသည် ပထမအဆင့်ဖြစ်ပြီး စိတ်ဝင်စားသည့်ကုမ္ပဏီများသည် အောက်တိုဘာ ၂၂ ရက်တွင် တင်သွင်းရမည်ဖြစ်သည်။

ရန်ကုန်မြို့သစ်၏ စက်မှုဇုန်နှင့်အခြေခံအဆောက်အအုံများ တည်ဆောက်ရေးအတွက် တရုတ် CCCC ကုမ္ပဏီ၏ ဆွစ်ယှဉ်ပြိုင်တင်ဒါ (Swiss Challenge) တင်သွင်းမှုကိုကြီးကြပ်ရန် ဂျာမနီအခြေစိုက် Roland Berger ကုမ္ပဏီကို အကြံပေးအဖြစ် မြန်မာအစိုးရက ပြီးခဲ့သည့် စက်တင်ဘာတွင်ငှားရမ်းခဲ့သည်။ ရန်ကုန်မြို့တော် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းသစ်တွင်ပါဝင်သည့် လုပ်ငန်းစီမံကိန်းများအနက် စက်မှုဇုန်နှင့်အခြေခံအဆောက်အအုံများကို ဦးစွာအကောင်အထည်ဖော် ဆောင်ရွက်ရန် အစိုးရဘက်က စီစဉ်ခြင်းဖြစ်သည်။ ရန်ကုန်မြို့သစ်စီမံကိန်းကို ယခင်အစိုးရလက်ထက်တွင် စတင်ခဲ့သည့် မြေနေရာရှိ မြေဧက ၂၀,၀၀၀ တွင် ပထမအဆင့် စတင်အကောင်အထည်ဖော်မည်ဟု ရန်ကုန်တိုင်းအစိုးရအဖွဲ့က ထုတ်ပြန်ထားသည်။

**Source: https://7day.news/detail?id=202772**

## စက်ရုံ အလုပ်ရုံတချို့ ပြန်လည်ဖွင့်လှစ်လာပြီဖြစ်၍ စက်သုံးဆီဝယ်လိုအား အနည်းငယ်မြင့်တက်လာ



ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ စက်ရုံ၊ အလုပ်ရုံတချို့ ပြန်လည်ဖွင့်လှစ်လာပြီ ဖြစ်သောကြောင့် စက်တင်ဘာလကထက် စက်သုံးဆီဝယ်လိုအားအနည်းငယ် မြင့်တက်လာကြောင်း မြင့်မြတ်ထွဋ်ခေါင် စက်သုံးဆီအရောင်းဆိုင် အထွေထွေမန်နေဂျာ ဦးတင်မင်းလွင်၏ ပြောကြားချက်အရ သိရသည်။

စက်တင်ဘာလအတွင်းက စက်ရုံ၊ အလုပ်ရုံများ ယာယီပိတ်သိမ်းကာ နေအိမ်၌သာ နေထိုင်ခဲ့ကြသည့်အတွက် စက်သုံးဆီဝယ်လိုအား သုံးပုံတစ်ပုံအထိ လျော့ကျခဲ့ရာမှ အောက်တိုဘာလအတွင်း အနည်းငယ်ပြန်လည် မြင့်တက်လာခြင်းဖြစ်သည်။

လက်ရှိတွင်ကမ္ဘာ့ရေနံဈေး တည်ငြိမ်နေသော်လည်း ပြည်တွင်း၌ စက်သုံးဆီအနည်းငယ် ပြတ်သွားသည့်အတွက် တစ်လီတာလျှင် ငွေကျပ် ၅ ကျပ်မှ ၁၀ အထိ ဈေးမြင့်တက်လာကြောင်းသိရသည်။ အောက်တိုဘာ ၂၀ ရက်က ကမ္ဘာ့ရေနံစိမ်း တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၇၅ ဒေါ်လာ၊ ပြည်တွင်းငွေလဲနှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် ပြင်ပ ပေါက်ဈေး ဝယ်ဈေး ငွေကျပ် ၁၃၁၅ ကျပ်နှင့် ရောင်းဈေး ငွေကျပ် ၁၃၂၀ ရှိကြောင်း၊ ရန်ကုန်စက်သုံးဆီ ဈေးနှုန်းများမှာ အောက်တိန်း ၉၂ တစ်လီတာလျှင် ငွေကျပ် ၅၀၅ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ လျှင် ငွေကျပ် ၆၁၅ ကျပ်၊ အောက်တိန်း ၉၇ တစ်လီတာလျှင် ငွေကျပ် ၈၇၀၊ ဒီဇယ် ၅၀၀ စစာ တစ်လီတာလျှင် ငွေကျပ် ၅၅၅ ကျပ်နှင့် ပရီမီယမ်ဒီဇယ်တစ်လီတာလျှင် ငွေကျပ် ၅၆၅ ကျပ်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/3261

## အဆင့် B ရရှိထားသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို အွန်လိုင်းမှ စစ်ဆေးမှုများ စတင်ဆောင်ရွက်နေပြီး လိုအပ်ချက်ရှိသည့်စက်ရုံများကို မြေပြင်ကွင်းဆင်းစစ်ဆေးမှု ရှောင်တခင်ပြုလုပ်မည်



အဆင့် B ရရှိထားသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို အွန်လိုင်းမှ စစ်ဆေးမှုများ စတင်ဆောင်ရွက်နေပြီး လိုအပ်ချက်ရှိသည့် စက်ရုံများကို မြေပြင်ကွင်းဆင်းစစ်ဆေးမှုအား ရှောင်တခင်ပြုလုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်က ပြောကြားသည်။ "အစ်မတို့ အခု Digital နည်းနဲ့ စစ်ဆေးတာကို ဆောင်ရွက်နေတယ်။ ဒါက အွန်လိုင်းကတစ်ဆင့် အစ်မတို့ကြည့်ချင်တဲ့နေရာတွေကိုပြခိုင်းပြီး စစ်ဆေးတာပေါ့။ ဒါကတော့ လုံလောက်မှုရှိလားလို့မေးရင် မလုံလောက်ပါဘူး။ မြေပြင်ကွင်းဆင်းပြီးစစ်တာနဲ့ အွန်လိုင်းကစစ်တာ လားလားမှမတူနိုင်ပါဘူး။ ဒါပေမဲ့ ကျန်းမာရေးကာလရဲ့ သွားရောက်စစ်ဆေးမယ့်သူတွေရဲ့ ကျန်းမာရေးလုံခြုံမှုကိုကြည့်ပြီးတော့ အစ်မတို့က အလုပ်သမားဌာနတွေ၊ UMFCCI ပြီးတဲ့အခါ DICA ပြီးရင် အစ်မအပါအဝင် စက်မှုဇုန်ကြီးကြပ်ရေး ကော်မတီကနေပြီးတော့ ကြည့်ချင်တဲ့နေရာဥပမာအားဖြင့် စားသောက်တဲ့နေရာ၊ အထည်ချုပ်ဆိုရင် စက်တန်းတွေ ဒါမျိုးတွေကို စစ်ဆေးခြင်းကို စတင်ဆောင်ရွက်နေတယ်" ဟု ဝန်ကြီး ဒေါ်မိုးမိုးစုကြည်က ပြောကြားသည်။

ထို့ပြင် B အဆင့်စက်ရုံများကို ရှောင်တခင် မြေပြင်ကွင်းဆင်းစစ်ဆေးရာ၌ B အဆင့်သာရှိပါက ယာယီပိတ်ရမည်ဖြစ်ကြောင်း ဝန်ကြီးဒေါ်မိုးမိုးစုကြည်ကပြောကြားသည်။ "အမတို့ ကျန်းမာရေးရဲ့အခြေအနေကို ကြည့်ပါမယ်။ သွားရောက်စစ်ဆေးတဲ့သူတွေရဲ့ ကျန်းမာရေး၊ လုံခြုံရေးကိုလည်း ကြည့်ရပါမယ်။ စစ်ဆေးဆောင်ရွက်ခြင်း ကိစ္စရပ်များကို Digital နည်းနဲ့ဆောင်ရွက်ရင်းနဲ့ လိုအပ်ရင်လိုအပ်သလို၊ ကျန်းမာရေးနဲ့လမ်းညွှန်ချက်နဲ့အညီ မြေပြင်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခြင်းများကို ရှောင်တခင်ပြုလုပ်ဆောင်ရွက်နေတာတွေရှိပါတယ်။ B စက်ရုံတွေကို ရှောင်တခင်စစ်တဲ့အချိန်မှာ B အဆင့်ဖြစ်နေတယ်ဆိုရင် ယာယီပိတ်ရမယ်။ ပိတ်ပြီးမှ ပြင်ဆင်ပြီး A အဆင့်ရမှ ပြန်ဖွင့်ရမယ်။ ဒါတွေကို အမတို့ ဇုန်ကော်မတီတွေ၊ UMFCCi ၊ လုပ်ငန်းရှင်တွေကို သေသေချာချာကြပ်မတ်ဖို့ မှာကြားထားတာ ရှိပါတယ်" ဟု ဝန်ကြီး ဒေါ်မိုးမိုးစုကြည်က ပြောကြားသည်။

ယင်းအပြင် အလုပ်ရှင်၊ အလုပ်သမား တစ်ဦးနှင့်တစ်ဦး အကြံပြုတင်ပြဆွေးနွေးညှိနှိုင်းကာ ပြင်ဆင်ဖြည့်ဆည်း ဆောင်ရွက်ပြီး လုပ်ငန်းလည်ပတ်ရန် ထိန်းကြောင်းတည့်မတ်ထားမှုများရှိကြောင်း ဝန်ကြီး ဒေါ်မိုးမိုးစုကြည်ကပြောကြားသည်။ စက်မှုဇုန်အတွင်းနှင့် ပြင်ပရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ စည်းကမ်းလိုက်နာခြင်းမရှိပါက ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ဥပဒေနှင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဥပဒေတို့ဖြင့် အရေးယူမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အောက်တိုဘာ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးပြီးစီးသည့် A အဆင့်စက်ရုံ ၂၁၈၄ ရုံကို အောက်တိုဘာ ၁၂ ရက်မှစ၍ ဖွင့်လှစ်ခွင့်ပြုပြီး စက်ရုံဖွင့်လှစ်နေစဉ် စစ်ဆေးရေးအဖွဲ့များဖြင့် ဆက်လက်စစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ B အဆင့်စက်ရုံ ၄၀၇၆ ရုံကိုလည်းဖွင့်လှစ်၍ လုပ်ငန်းလည်ပတ်စေပြီး ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ လုပ်ငန်းလည်ပတ်နေစဉ် ဆက်လက်စစ်ဆေး ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ A အဆင့်သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိပါက လုပ်ငန်းလည်ပတ်မှုအား ယာယီရပ်ဆိုင်းစေမည်ဖြစ်ကြောင်း၊ ယာယီရပ်ဆိုင်းထားချိန်တွင် A အဆင့်သတ်မှတ်ချက်နှင့် ကိုက်ညီစေရေးအတွက် ပြင်ဆင်ဆောင်ရွက်ရမည့်အချက်များအား ပြုပြင်ဆောင်ရွက်စေပြီး A အဆင့်ရရှိချိန်မှသာ ပြန်လည်ဖွင့်လှစ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအားလုံးသည် A အဆင့်သတ်မှတ်ချက်နှင့် ကိုက်ညီစေရေးအတွက် စစ်ဆေးမှုခံယူနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်ထားရှိရန် အသိပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် စက်မှုဇုန်အတွင်း စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို စဉ်ဆက်မပြတ် ကြပ်မတ်ကြီးကြပ်နိုင်ရေးကို စက်မှုဇုန်အဆင့်မြင့်တင်ရေး ကြီးကြပ်မှုကော်မတီနှင့် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီတို့မှ ဆောင်ရွက်သွားရန်၊ စက်မှုဇုန်ပြင်ပရှိ စက်ရုံ၊

အလုပ်ရုံ အလုပ်ဌာနများအား စဉ်ဆက်မပြတ်ကြီးကြပ်နိုင်ရန်အတွက် မြို့နယ်အလိုက် ဖွဲ့စည်းတာဝန်ပေးထားသော အဖွဲ့များမှ တာဝန်ယူဆက်လက် ဆောင်ရွက်သွားရန် အချက်များလည်းပါရှိသည်။ ဆက်လက်၍ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအတွင်း ကျန်မာရေးညွှန်ကြားချက်နှင့်အညီ ပိုးသတ်ဆေးဖြန်းခြင်း၊ နေ့စဉ်ဆေးဖြန်းချင်းကို လုပ်ငန်းပြီးဆုံးချိန်၌ တစ်ကြိမ်ဆောင်ရွက်သွားရန်၊ စက်မှုဇုန်အတွင်း ပြင်ပစက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ၏ ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ စည်းကမ်း လိုက်နာခြင်း မရှိပါက သတ်ဆိုင်ရာအလုပ်ရှင် အလုပ်သမားများအား စက်မှုဇုန်အဆင့်မြင့်တင်ရေး ကြီးကြပ်မှုကော်မတီများမှ ကျန်းမာရေးကာလအတွင်း ပြဋ္ဌာန်းထားသော ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးဥပဒေနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဥပဒေဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေတို့ဖြင့် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

**Source: https://news-eleven.com/article/195990**

## အိန္ဒိယသို့ပို့သည့် ပဲသုံးမျိုး ဈေးတက်လာပြီး အရောင်းအဝယ်သွက်နေ




အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့ရောင်းချနေရသော မတ်ပဲ ၊ ပဲစင်းငုံနှင့် ကုလားပဲတို့မှာ ဝယ်လိုအား ကောင်းမွန်မှုကြောင့် ဈေးကောင်းရကာ အရောင်းအဝယ်သွက်လျက်ရှိကြောင်း မန္တလေးပဲဈေးကွက်မှသိရသည်။ "တရုတ်နိုင်ငံက စက်တင်ဘာလဆန်းက စတင်ပြီးတော့ အဝယ်နည်းလာတယ်။ အဲ့ဒီအချိန်မှာ အိန္ဒိယနိုင်ငံက မတ်ပဲတန်ချိန်တစ်သိန်းခွဲ ဝယ်ဖို့ရှိတဲ့အပြင် ပဲစင်းငုံနဲ့ ကုလားပဲတွေလည်း ဝယ်ဖို့ အစီအစဉ်တွေရှိလာတဲ့အတွက် အခုလိုဈေးတွေမြင့်တက်လာတာဖြစ်တယ်"ဟု မန္တလေးမြို့ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ကပြောသည်။

မန္တလေးဈေးကွက်အတွင်း စက်တင်ဘာလဆန်းပိုင်းက မတ်ပဲသုံးတင်းဝင် တစ်အိတ်လျှင် ၉၅,၀၀၀ ကျပ်၊ ပဲစင်းငုံတစ်အိတ်လျှင် ၇၀,၀၀၀ ကျပ်၊ ကုလားပဲဖြူ (ကြီး) တစ်အိတ်လျှင် ၇၅,၀၀၀ကျပ် ရှိခဲ့သည်။ အောက်တိုဘာ ၈ရက်တွင်မူ မတ်ပဲမှာ ၁၁၂,၀၀၀ကျပ်၊ ပဲစင်းငုံမှာ ၈၈,၀၀၀ကျပ်၊ ကုလားပဲမှာ ၉၅,၀၀၀ ကျပ်တို့သို့ အသီးသီးရောက်ရှိကာ အရောင်းအဝယ်သွက်လျက်ရှိသည်။ "ဒီနေ့ဆိုရင်တော့ ဈေးတက်တာ ရပ်သွားပါပြီ။ သူတို့ (အိန္ဒိယ) ဝယ်ယူမယ့်ပေါ်မှာ မူတည်ပြီးဈေးနှုန်း အတက်အကျပြောင်းလဲမှာပါ"ဟု ရွှေစင်သိန်း ပွဲရုံပိုင်ရှင် ဦးကျော်သွင်ကပြောသည်။ ပြည်ပဝယ်ယူနေသည့် ပဲအမျိုးအစားများ ဈေးနှုန်းမြင့်တက်ခဲ့သော်လည်း ပြည်တွင်း စားသောက်ကုန် လုပ်ငန်းသုံး ပဲများမှာ ဈေးကွက်ပျောက်ကာ အရောင်းအဝယ်ရပ်တန့်လျက်ရှိကြောင်းသိရသည်။

**Source:** http://htwettoe.com/article-details/news/10509948

## UN ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့မှ ကျင်းပပြုလုပ်သည့် E-commerce နှင့် ဒီဂျစ်တယ်စီးပွားရေးဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမှပထမဆုံးပါဝင်ဆွေးနွေး

UN ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့မှ ကျင်းပပြုလုပ်သည့် (၄) ကြိမ်မြောက် အစိုးရအဖွဲ့များနှင့် ကျွမ်းကျင်ပညာရှင်များ၏ E-commerce နှင့် ဒီဂျစ်တယ်စီးပွားရေးဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမှပထမဆုံးအကြိမ်အဖွဲ့ဝင် Panelist အဖြစ်ပါဝင် ဆွေးနွေးခဲ့ကြောင်းသိရသည်။ အဆိုပါဆွေးနွေးပွဲတွင် ဒီဂျစ်တယ်စီးပွားရေးကဏ္ဍတွင် စံနှုန်းဖန်တီးခြင်း၊ အသင့်ဖြစ်မှုရှိသော နိုင်ငံများအား ဂယက်ရိုက်မှု၊ တစ်ကမ္ဘာလုံးဆိုင်ရာ ဒစ်ဂျစ်တယ်ယန္တရားများနှင့် ချိတ်ဆက်ရာတွင် လိုအပ်သည့် စံနှုန်းများ ၊ ဖွံ့ဖြိုးဆဲနိုင်ငံများ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများ၊ အမျိုးသားမူဝါဒ၏အခန်းကဏ္ဍ၊ ဒီဂျစ်တယ်စီးပွားရေး လုပ်ငန်းလုပ်ဆောင်ရာတွင် နိုင်ငံတကာမူဝါဒဖြင့်ဖန်တီးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအစရှိသည့် ခေါင်းစဉ်များကို ဆွေးနွေး ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ "မြန်မာနိုင်ငံရဲ့ E-commerce အကြောင်းကိုပြောရရင် ယခင်နှစ်ကဈေးကွက်အရွယ်အစားဟာ ဒေါ်လာ ၁၀၀ မီလီယံဝန်းကျင်ရှိပါတယ်။ E-commerce ရဲ့ရောင်းအားကို မြန်မာနိုင်ငံရဲ့ GDP ဖယားအကွက်မှာ နှိုင်းယှဉ် ထားတာကို ကြည့်လိုက်ရင် တခြားနိုင်ငံတွေထက် အများကြီးနည်းနေသေးတယ်။ နောက်နှစ်အနည်းငယ်မှာဆိုရင် E-commerce ဈေးကွက်ဟာ လက်ရှိအရွယ်အစားထက် ၁၀ ဆပိုမိုရောက်ရှိနိုင်မယ်လို့ ခန့်မှန်းထားပါတယ်"ဟု rgo 47 မှဒါရိုက်တာဖြစ်သူ ဦးအေးချမ်းကပြောသည်။

မြန်မာနိုင်ငံတွင် လက်ရှိအစားအသောက်ပို့ဆောင်ရေးလုပ်ငန်းများတွင်လည်း နိုင်ငံခြားကုမ္ပဏီများမှ ဦးဆောင်လျက်ရှိပြီး GP များမှ စားသုံးအသုံးပြုသူများကို အခြားပလက်ဖောင်းတစ်ခုသို့ပြောင်းရန်အတွက် ခက်ခဲအောင်လုပ်ထားသဖြင့် ပြည်တွင်းလုပ်ငန်းရှင်များ ၎င်းဈေးကွက်အတွင်းသို့ ဝင်ရောက်ရန် ခက်ခဲနေကြောင်းသိရသည်။ GP အတွက်လိုအပ်သော Big Data ကိုဖွံ့ဖြိုးဆဲနိုင်ငံများမှရရှိနိုင်ပြီး Big Data များ နိုင်ငံခြားသားများလက်ထဲရောက်ရှိခြင်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးလုံခြုံမှုအတွက်သာမက မြန်မာနိုင်ငံရှိထုတ်လုပ်သူများနှင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် စိုးရိမ်စရာဖြစ်နေကြောင်းသိရသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် အမြဲတမ်းတိုးချဲ့လျက်ရှိသည့် global digital platforms များကြောင့်ဖြစ်ပြီး ဒေသခံစီးပွားရေးလုပ်ငန်းများထိခိုက်ခြင်းနှင့် Cross Border Data Flows ကိစ္စကို ကိုင်တွယ် ဖြေရှင်းရန် အတွက်လည်း အစိုးရတွင်မူဝါဒဆိုင်ရာ စည်းမျဉ်းစည်းကမ်းချက်များ မရှိသေးဘူးဟု ၎င်းကထောက်ပြခဲ့သည်။

**Source:** http://www.fifthwavenews.com/fwn/55720

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ယခင်ဘဏ္ဍာနှစ်ထက် တစ်ဘီလီယံကျော်တိုးမြင့်ရရှိခဲ့

COVID-19 ကာလအတွင်းစိန်ခေါ်မှုများ ရှိခဲ့သော်လည်း၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်တွင် ရရှိခဲ့သည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ထက် ကန်ဒေါ်လာတစ်ဘီလီယံကျော် တိုးမြှင့်ရရှိခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှသိရသည်။ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်တွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၈၉ ဘီလီယံ ရရှိခဲ့ပြီး၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ စုစုပေါင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၂ ဘီလီယံ ကျော်သာ ရရှိခဲ့သောကြောင့် ဘဏ္ဍာနှစ် နှစ်ခုအား နှိုင်းယှဉ်ပါက အမေရိကန် ဒေါ်လာ ၁ ဒသမ ၁၆၉ ဘီလီယံ တိုးမြှင့် ရရှိခဲ့ကြောင်းသိရသည်။ ထိုသို့ တိုးမြှင့်ရရှိခဲ့သော်လည်း ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်အတွက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ပမာဏကို အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံ ဝင်ရောက်ရန်လျာထားခဲ့သောကြောင့် လျာထားချက်ပြည့်မီခဲ့ခြင်းမရှိခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန (DICA)မှသိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ စုစုပေါင်း နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ ၅ ဒသမ ၆၈ ဘီလီယံကျော် ရရှိထားပြီး လျာထားချက် ပြည့်မီရန်အတွက် ကန်ဒေါ်လာသန်း ၁၀၀ ကျော် ရရှိရန် လိုအပ်ခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်းမှာ အများဆုံး ရင်းနှီးမြှုပ်နှံ ထားသည့် ကဏ္ဍများမှာ လျှပ်စစ် ကဏ္ဍတွင် ၃၀ ဒသမ ၂၆ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍတွင် ၂၀ ဒသမ ၄၂ ရာခိုင်နှုန်းနှင့် အိမ်ရာကဏ္ဍတွင် ၂၀ ဒသမ ၁၉ ရာခိုင်နှုန်းတို့ ဖြစ်ပြီး စင်ကာပူ၊တရုတ်နှင့် ထိုင်းနိုင်ငံတို့က အများဆုံး ရင်းနှီးမြှုပ်နှံထားကာ ဟောင်ကောင် (SAR)၊ ယူကေ၊ ကိုရီးယား၊ ဗီယက်နမ်၊ မလေးရှား၊ နယ်သာလန်နှင့် ဂျပန်နိုင်ငံ တို့ကလည်း အသီးသီး ရင်းနှီးမြှုပ်နှံထားသည်။

လက်ရှိ အစိုးရလက်ထက်၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၂၀ ခုနှစ် စက်တင်ဘာလ ၃၀ ရက်အထိ လေးနှစ်ကျော်ကာလ အတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း ၁၀၃၂ ခု ဝင်ရောက်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၁၈၆ ဘီလီယံရရှိထားသည်။

**Source:** http://www.fifthwavenews.com/fwn/55711

## ဟောင်ကောင်ကုမ္ပဏီများက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကိုစိတ်ဝင်စား

"Brimming with opportunities" Prospects in Myanmar for HK Investors Webinar ကို ယနေ့မွန်းလွဲပိုင်းက Myanmar Hong Kong Chamber of Commerce and Indu-stry က စီစဉ်ကျင်းပသည်။ အခမ်းအနားတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက မြန်မာနိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုသည် ကိုဗစ်-၁၉ ကြောင့် ယခုနှစ်ကျဆင်းနိုင်သော်လည်း ၂ ရာခိုင်နှုန်းနီးပါးသို့ရောက်ရှိနိုင်ကြောင်း အပြည်ပြည် ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ခန့်မှန်းထားပြီး ၂၀၂၁ ခုနှစ်တွင် ကိုဗစ်ကာလမတိုင်မီ ကာလတွင်ရရှိခဲ့သည့် စီးပွားရေးဖွံ့ဖြိုး

တိုးတက်မှုနှုန်း ၆ ရာခိုင်နှုန်း ပြန်လည်ရရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား မဟာဗျူဟာ အချက်အချာကျစွာ တည်ရှိနေသည့်အတွက် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများစွာ ရှိပါကြောင်း၊ စွမ်းအင်ကဏ္ဍ၊ အိမ်ရာ အဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှု ကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှု လုပ်ငန်းကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံနိုင် ပါကြောင်းနှင့် အဆိုပါလုပ်ငန်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းဖြင့် ကဏ္ဍပေါင်းစုံတွင် အချိုးညီမျှတသည့် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ Memories Group ၏ CEO ဖြစ်သူ Mr. Cyrus Pun က မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရာ၌ လွယ်ကူချောမွေ့စေရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီးက ကုမ္ပဏီမှတ်ပုံတင်ခြင်း လုပ်ငန်းများကို Online ဖြင့် ဆောင် ရွက်နိုင်ရန်အတွက် MyCo စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း၊ ထို့အတူ အခွန်ငွေ ေးဆောင်မှုကိုလည်း Online စနစ်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနများအကြား လုပ်ထုံးလုပ်နည်းများ တစ်ပြေးညီဖြစ်စေရေး စံလုပ်ထုံးလုပ်နည်း (Standard Operating Procedure-SOP) များကို ရေးဆွဲ လျက်ရှိရာ မကြာမီထုတ်ပြန်နိုင်မည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးက ကိုဗစ်-၁၉ ကာလအတွင်း စိန်ခေါ်မှုများရှိခဲ့သော်လည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု စုစုပေါင်း အမေရိကန် ဒေါ်လာ ၅ ဒသမ ၆၈၉ ဘီလီယံ ရရှိခဲ့ပြီး ယခင်ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ် ပါက အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၆၉ ဘီလီယံ တိုးမြင့်ရရှိခဲ့ကြောင်း၊ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP) နှင့် အညီ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာ သည့် စီးပွားရေးသက်ရောက်မှုများကို လျှော့ချရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါအလွန်ကာလ တွင် မြန်မာနိုင်ငံ စီးပွားရေးလျင်မြန်စွာ ဦးမော့လာစေရေး အတွက် မြန်မာ နိုင်ငံ၏ စီးပွားရေးပြန်လည်ထူထောင် ရေးနှင့် ပြုပြင်ပြောင်းလဲရေး စီမံချက် (MERRP) ကို မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP) နှင့်ချိတ်ဆက်၍ ရေးဆွဲလျက်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်နေကြသည့် ဟောင်ကောင်စီးပွားရေးလုပ်ငန်းရှင်များ၏ မေးမြန်းဆွေးနွေးမှုများကို ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဖြေကြားသည်။ ဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗရတ်ဆင်းနှင့်တာဝန်ရှိသူများ၊ ပြည်တွင်း/ ပြည်ပမှ စီးပွားရေးကိုယ်စားလှယ်များ၊ မီဒီယာများ စုစုပေါင်းလူဦးရေ ၂၅၀ ကျော် တက်ရောက်ကြသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## ဒေါ်လာဈေးကျ၍ ပို့ကုန်လုပ်ငန်းများ အခက်တွေ့

အကျဘက်သို့ ဦးတည်နေသည့် အမေရိကန်ဒေါ်လာဈေးကြောင့် ပြည်ပပို့ကုန်လုပ်ငန်းများ အခက်တွေ့နေကြရကြောင်း လုပ်ငန်းရှင်များကပြောသည်။ လက်ရှိအချိန်၌ ပြည်တွင်းနှင့် နိုင်ငံတကာ၌ ဈေးကွက်များတွင် ကိုဗစ် ၁၉ ကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ နှေးကွေးလျက်ရှိသလို ပို့ကုန်ဈေးနှုန်းများလည်း ကျဆင်းလျက်ရှိရာ ယခုအခါ အမေရိကန်ဒေါ်လာ ဈေးနှုန်းကပါ အကျဘက်ရောက်နေခြင်းကြောင့် ပို၍အခက်တွေ့နေရကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးဝင်းကြိုင်က ဧရာဝတီသို့ ပြောသည်။ ၎င်းက " ပြည်တွင်းပြည်ပ ဈေးကွက်တွေ အားလုံးယိုင်သွားတာလေ။ ကုန်ပစ္စည်းတွေ ရောင်းချင်တိုင်း ရောင်းလို့မရတော့ဘူး။ ကိုဗစ်ကြောင့်ပဲ သက်ဆိုင်ရာ နိုင်ငံတွေရဲ့အဟန့်အတားတွေ ပိတ်ပင်မှုတွေကြောင့် နောက်ဆက်တွဲက ရောင်းမကောင်းဘူး။ ဈေးတွေကျကုန်တယ်။ အခု ဒေါ်လာဈေးပါကျနေတော့ နောက်ထပ်အခက်အခဲတခု ထပ်ပိုးလိုက်သလိုဖြစ်တာပေါ့" ဟု ရှင်းပြသည်။

လတ်တလောတွင် မြန်မာ့ရေထွက်ကုန်များကို တရုတ်သို့ တင်ပို့သည့် မူဆယ်ကုန်သွယ်စခန်း နှင့် ထိုင်း-မြန်မာ နယ်စပ်ကုန်သွယ်ရေးစခန်း(ကော့သောင်း-ရနောင်း၊ မြဝတီ- မဲဆောက်) များတွင် အကန့်အသတ်များနှင့် သယ်ယူပို့ဆောင်ရေး အခက်အခဲများကြောင့် ပို့ကုန်လျှော့ချခြင်းနှင့် ဈေးနှုန်းကျဆင်း ခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း ဦးဝင်းကြိုင်က ပြောသည်။ မြန်မာနိုင်ငံ၏ အဓိက ပြည်ပပို့ကုန်တခုဖြစ်သည့် ဆန်တင်ပို့မှုတွင်လည်း နိုင်ငံတကာဈေးကွက်၌ ဆန်ဈေးနှုန်းကျဆင်းခြင်း၊

ပြည်တွင်း၌ သယ်ယူပို့ဆောင်ရေး အခက်အခဲများကြောင့် ရန်ကုန်သို့ ဆန်အပြည့်အဝ မဝင်လာခြင်း နှင့် အမေရိကန် ဒေါ်လာ ဈေးကျဆင်းခြင်းများက လုပ်ငန်းလုပ်ဆောင်ရာတွင် အရှုံးခံလုပ်ဆောင်နေရကြောင်း ဘုရင့်နောင်ဆန်ကုန်စည်ဒိုင် အတွင်းရေးမှူး ဦးသန်းဦးက ရေဝတီသို့ပြောသည်။ ၎င်းက " အခုက မိုးရွာကြောင့် စပါးတွေက သေချာမရိတ်သိမ်းနိုင်၊ နယ်က ဆန်တွေ ရန်ကုန်ပို့ဖို့ကိုလည်း သယ်ယူပို့ဆောင်ရေး အခက်အခဲတွေဖြစ်တော့ ဆန်ကအဝင်နည်းနေတယ်။ ဒီက ပြည်ပ တင်ပို့တင်တဲ့သူတွေကလည်း ဟိုဘက်နဲ့ စာချုပ်ချုပ်ဆိုတဲ့အတိုင်း သင်္ဘောအမီ မတင်နိုင်မှာကို စိုးရိမ်နေရတယ် " ဟု ဆိုသည်။ ဦးသန်းဦးက ဆက်လက်၍ " ငွေဈေးကလည်း ကျပ် ၁၃၀၀(၁ဒေါ်လာ) အောက်ကို ဆင်းဆင်းသွားတော့ ရောင်းထားတဲ့ ဈေးနဲ့ ကိုက်ပါတော့မလားပေါ့ အခုက အရှုံးခံပြီးလုပ်နေကြရတယ်" ပြောသည်။ လတ်တလောတွင် ပြည်ပဆန်တင်ပို့မှု၌ ၂၅ မတ် ဆန် ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၀ ဝန်းကျင် နှင့် ၁၀ မတ် ဆန် ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀ မှ ၄၂၀ ဝန်းကျင် ရှိကြောင်းသိရသည်။

လက်ရှိအချိန်တွင် အမေရိကန်ဒေါ်လာဈေးနှုန်းသည် ၁ ဒေါ်လာလျှင် ကျပ် ၁၃၁၅ မှ ၁၃၂၀ ဝန်းကျင်အထိသာ ပေါက်ဈေး ရှိနေရာမှ ပြီးခဲ့သည့် အပတ်တွင်း၌ ၁ ဒေါ်လာကို ကျပ် ၁၂၉၀ မှ ၁၂၈၀ ကျော်ဝန်းကျင်းသို့ ဈေးနှုန်းကျဆင်းသွားခဲ့သည်။

အမေရိကန်ဒေါ်လာဈေးနှုန်းသည် မြန်မာနိုင်ငံတွင် ၂၀၂၀ နှစ်ဦးပိုင်းတွင် အမေရိကန်ဒေါ်လာ ၁ ဒေါ်လာသည် ကျပ် ၁၅၀၀ မှ ၁၄၅၀ ကျော်အထိ ရှိနေပြီး မြန်မာနိုင်ငံတွင် ကိုဗစ်ရောဂါစတင်တွေ့ရှိသော မတ်လပိုင်းမှစပြီး ဈေးနှုန်းဆက်တိုက် ကျဆင်းလာခြင်းဖြစ်သည်။ ဦးဝင်းကြိုင်က မြန်မာပြည်ရဲ့ ထုတ်လုပ်မှုအခြေခံနယ်ပယ် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဈေးတွေကျတယ်။ အဆင်မပြေဘူး ဆိုရင် တတိုင်းတပြည်လုံး စီးပွားရေးအတွက် လှုပ်ခါမှုပိုကြီးတာပေါ့ " ဟု ပြောဆိုသည်။အမေရိကန်ဒေါ်လာဈေးနှုန်းအတက်အကျ အပြောင်းအလဲမြန်ဆန်ခြင်းသည် ပြည်တွင်း ပို့ကုန်သွင်းကုန် လုပ်ငန်းများ အတွက် ထိခိုက်မှုကြီးမားသည့်အတွက်ကြောင့် လုပ်ငန်းများ လုပ်သာကိုင်သာရှိသည့်နှုန်းထားတခုတွင် တည်ငြိမ်အောင်လုပ်ဆောင်ပေးပါက အကောင်းဆုံးဖြစ်မည်ဟု လုပ်ငန်းရှင်များက ပြောသည်။

စီးပွားရေးမူဝါဒရေးရာပညာရှင် ဒေါက်တာအောင်ကိုကို " မြန်မာကျပ်ငွေတန်ဖိုးက တက်လာတယ် တနည်းပြောရင် ဒေါ်လာတန်ဖိုးကျတယ်ပေါ့ လက်ရှိအခြေအနေက ဒါက ကောင်းလားလို့ မေးရင် မကောင်းဘူးလို့ ပြောရမယ်။ ဒေါ်လာက တော့ အရမ်းကြီး ထပ်ပြီး ကျသွားစရာမရှိဘူး။ ဗဟိုဘဏ်ကလည်း သေသေချာချာ ဝင်ထိန်းပေးနေတာ တွေ့ရတယ်။ ဗဟို ဘဏ် ဘက်က ဝင်ဝယ်ပေးတာဖြစ်တဲ့အတွက် သူ့အတွက်လည်း နိုင်ငံခြား အရန်ငွေတက်လာတယ်။ ပို့ကုန်ကို ဝင်ကူ ပေးတယ်ပေါ့။ ဒါကို သူကောင်းကောင်းလုပ်ပေးနိုင်တဲ့ အနေအထားပါ နိုင်ငံခြားအရန်ငွေတွေ ထုတ်ရောင်းရတာမှ မဟုတ်တာလေ " ဟု သုံးသပ်သည်။

လက်ရှိကာလအတွင်း စက်ရုံအလုပ်ရုံများ ပိတ်ထားရခြင်း နှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ နှောင့်နှေးသွားခြင်း ကြောင့်လုပ်ငန်းများ၏ ထုတ်လုပ်နိုင်မှုစွမ်းရည်များကျဆင်းသွားကာ ပို့ကုန်တင်ပို့မှုကျဆင်းသွားသောအခြေအနေ ရှိသည့် အတွက် ထုတ်လုပ်နိုင်မှုစွမ်းနှင့် အများပြည်သူများ ဝယ်ယူနိုင်စွမ်းများ တိုးတက်လာအောင် အစိုးရအနေဖြင့် လုပ်ဆောင် ပေးသင့်ကြောင်း ၎င်းကမှတ်ချက်ပြုသည်။ ဒေါက်တာအောင်ကိုကိုက " တချို့ကတော့ မြန်မာကျပ်ငွေမာလာတယ်ပေါ့ မာလာ တိုင်းလည်းမကောင်းဘူး။ အရမ်းပျော့တိုင်းလည်း မကောင်းဘူး။ ပို့ကုန်ရော သွင်းကုန်အတွက်ရော အခြေအနေတခုအတွက် ရှိသင့်ရှိထိုက်တဲ့နှုန်းထားလေး ဖြစ်နေဖို့ပဲလိုတာပါ။" ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံ၏ အဓိက ပို့ကုန်များဖြစ်သော ဆန်၊ ပဲ၊ ပြောင်း အပါအဝင် ကောက်ပဲသီးနှံများ၊ သစ်သီးဝလံ၊ ရေထွက်ကုန် များနှင့် CMP (လက်ခစား စနစ်) အထည်ချုပ်လုပ်ငန်းများသည် အမေရိကန်ဒေါ်လာလဲလှယ်နှုန်း မတည်ငြိမ်မှုများ ဖြစ်ပေါ်ပါက အကျိုးသက်ရောက်မှု ကြီးမားလျက်ရှိသည်။

အမေရိကန်ဒေါ်လာဈေး အပြောင်းအလဲများကြောင့် ပြည်ပပို့ကုန်တချို့တွင် အခက်တွေ့နေသော်လည်း တရုတ်နယ်စပ် တွင် ယွမ်ငွေဖြင့် အရောင်းအဝယ်လုပ်ဆောင်လျက်ရှိသော ဖရဲတင်ပို့မှုတွင်မူ ဈေးကောင်းရ၍ အရောင်းအဝယ် ကောင်းမွန် လျက်ရှိကြောင်း မြန်မာနိုင်ငံဖရဲ သခွား စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အစုအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်ဝင်းက ပြောသည်။

၎င်းက " အခု တရုတ်ဘက်ကို ဖရဲကတော့ ဈေးကောင်းလည်း ရသလို အရောင်းအဝယ်လေးလည်း အဆင်ပြေတယ်။ ကုန်သွယ်မှုက အရင်လိုတော့ မဟုတ်သေးပေမယ့် လုပ်လို့ကိုင်လို့ရတဲ့ အခြေအနေမှာရှိတယ်။ ဒီက ရောင်းလိုအား နည်းပြီး

ဝယ်လိုအားများကြောင့်လည်းပါတယ်။ ” ဟုဆိုသည်။

လက်ရှိအချိန် တရုတ်ယွမ်ဈေးနှုန်းသည် တယွမ်လျှင် ၁၈၆ ကျပ် ဝန်းကျင် ရှိပြီး ယခင်က ဈေးနှုန်းနှင့်အပြောင်းအလဲ သိပ်မရှိပြီး ၁ ရက်လျှင် ကားအစီးရေ ၁၅ စီးမှ ၂၀ ဝန်းကျင်ကြား တင်ပို့နိုင်လျက်ရှိကြောင်း ဦးနိုင်ဝင်းကပြောသည်။ အရည်အသွေးကောင်းမွန်သော ဖရဲသီး ၁ တန်လျှင် ယွမ် ၃၅၀၀ ကျော်မှ ၄၀၀၀ ကျော် အထိ ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

**Source:** https://burma.irrawaddy.com/business/2020/10/21/232079.html

## ပန်-ပေပုပင်လယ်ကွေ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအပေါ် မြန်မာကောင်စစ်ဝန်ချုပ် ချီးကျူးပြောကြား



ပန်-ပေပုပင်လယ်ကွေ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမှာ တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးနှင့်ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အလွန်အရေးပါကြောင်း နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးစိုးသက်နောင်က ချီးကျူးပြောကြားခဲ့ပါသည်။ ကျွန်ုပ်အနေဖြင့် (၁၀)ကြိမ်တိုင်တိုင် ကျင်းပပြီးစီးခဲ့သည့် ပန်-ပေပုပင်လယ်ကွေ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဖိုရမ်များအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပထမ ဦးစွာပြောကြားလိုပါကြောင်း၊ (၁၁)ကြိမ်မြောက် ဖိုရမ်၌ တရုတ်နှင့်အာဆီယံနိုင်ငံများအကြား နယ်ပယ်အမျိုးမျိုးတွင် ပူးပေါင်းဆောင်ရွက်ရန် ထပ်မံဆွေးနွေးနိုင်မည်ဟု မျှော်လင့် ပြီး၊ အပြည်ပြည်ဆိုင်ရာ ကုန်းလမ်း-ပင်လယ်ရေကြောင်းလမ်းစင်္ကြံ ၊ စီးပွားရေးနှင့်ကုန်သွယ်ရေးစသည်တို့ကိုခြုံငုံသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေး ရလဒ်များ ပိုမိုပေါ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်း” အောက်တိုဘာလ (၁၅) ရက်နေ့တွင် ကျင်းပ သည့် (၁၁)ကြိမ်မြောက် ပန်-ပေပုပင်လယ်ကွေ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ် အကြို အင်တာဗျူးတွင် ဦးစိုးသက်နောင်က ပြောကြားခဲ့ပါသည်။

ပန်-ပေပုပင်လယ်ကွေ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင် မြန်မာနိုင်ငံက တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ပန်-ပေပုပင်လယ်ကွေ့စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမူဘောင်အောက်တွင် နယ်ပယ်အများအပြား၌ မြန်မာနိုင်ငံနှင့် ကွမ်ရှီးတို့ အကျိုးဖြစ်ထွန်းရရှိလျက်ရှိကြကြောင်း၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ကုန်ပစ္စည်းများ တင်ပို့ရန်နှင့် မြန်မာနိုင်ငံမှ စိုက်ပျိုးရေး ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့ တင်ပို့ရန် ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ချင်းကျိုးဆိပ်ကမ်းအား မြန်မာနိုင်ငံမှ ဆိပ်ကမ်းများနှင့် ညီအစ်မဆိပ်ကမ်းဆက်ဆံရေးတည်ဆောက်ရန် ရည်ရွယ်ထားကြောင်း မြန်မာကောင်စစ်ဝန်ချုပ်က မှတ်ချက်ပြုပြောကြားခဲ့ပါသည်။

လက်ရှိအချိန်၌ ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့မှာ တရုတ်-မြန်မာစီးပွား ရေးစင်္ကြံစီမံကိန်းအပေါ် ဆောင်ရွက်နေကြပြီး၊ ၎င်းစင်္ကြံမှာ တရုတ်နိုင်ငံနှင့် အင်ဒိုချိုင်းနား ကျွန်းဆွယ်တို့အား ကုန်းလမ်းမှ ဆက်သွယ်ထားသည့် စီးပွားရေးစင်္ကြံ ဖြစ်လာမည်ဖြစ်ပါသည်။

ပန်-ပေပုပင်လယ်ကွေ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမှာ ဖွံ့ဖြိုးလာပြီး၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံနှင့် အပြည်ပြည် ဆိုင်ရာ ကုန်းလမ်း-ပင်လယ်ရေကြောင်း လမ်းစင်္ကြံအသစ်တို့အား အနာဂတ်တွင် ချိတ်ဆက်နိုင်မည်ဟု မြန်မာကောင်စစ် ဝန်ချုပ်က မျှော်လင့်ထားပါသည်။

**Source:** en.gxzf.gov.cn (၁၄-၁၀-၂၀၂၀)

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ တရုတ် (နန်နင်း)**

## ဒုတိယအကြိမ် Lockdown ပြုလုပ်ခဲ့ပါက ဘယ်လ်ဂျီယံနိုင်ငံ၏ အလုပ်အကိုင်ပေါင်း ၃ သိန်းခန့် ထိခိုက်နိုင်ဖွယ်ရှိနေခြင်း

လက်ရှိတွင် ဘယ်လ်ဂျီယံနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအရေအတွက် ပြန်လည်မြင့်တက်လာမှုကြောင့် ဒုတိယအကြိမ်အဖြစ် အသွားအလာကန့်သတ်မှု (Lockdown) ပြုလုပ်ခဲ့ပါက စီးပွားရေးလုပ်ငန်းပေါင်း (၆၀,၀၀၀) နှင့် အလုပ်အကိုင်အရေအတွက် (၃) သိန်းခန့် ဆုံးရှုံးနိုင်ဖွယ်ရှိနေသည်ဟု ဘယ်လ်ဂျီယံစီးပွားရေးလုပ်ငန်းများအသင်းချုပ် (Federation of Belgian Enterprise-FEB) ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ Pieter Timmermans ကပြောကြားခဲ့ကြောင်း သိရသည်။ ဒုတိယတစ်ကြိမ် Lockdown ချမှတ်ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် စီးပွားရေး အရကုန်ကျမှုများကို ရှောင်ရှားရမည်ဖြစ်ကြောင်း၊ COVID-19 ကပ်ရောဂါအကျပ်အတည်းမတိုင်မီ ကာလက ဘယ်လ်ဂျီယံလုပ်ငန်းများ၏ ၁၆ ရာခိုင်နှုန်းဖြစ်သော စီးပွားရေးလုပ်ငန်းပေါင်း (၆၀၀၀၀) ခန့်နှင့် အလုပ်အကိုင်အရေအတွက် (၃) သိန်းခန့်သည် စီးပွားရေး ကောင်းမွန်သည့်အခြေအနေတွင်ရှိနေခဲ့ပြီး၊ ဘဏ္ဍာရေးဆိုင်ရာပြဿနာမရှိခဲ့သော်လည်း ယခုအခါ အဆိုပါလုပ်ငန်းများသည် ဒေဝါလီခံရမည့် အန္တရာယ်ရှိနေကြောင်း၊ ဒုတိယအကြိမ် အသွားအလာကန့်သတ်ခြင်းကို ဆောင်ရွက်ခဲ့ပါက ၎င်းလုပ်ငန်းများ အဆုံးသတ်သွားဖွယ်ရှိနေပြီး၊ မကြုံစဖူးထူးကဲသည့် စီးပွားရေးကပ်ဆိုက်မှုတစ်ရပ်ဖြစ်လာနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

စီးပွားရေးလုပ်ငန်းများကို ကယ်တင်နိုင်ရန်အတွက် အလုပ်အကိုင်များနှင့် ဝယ်ယူနိုင်စွမ်း အားကို ထိန်းသိမ်းထားနိုင်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ လက်လီစီးပွားရေးလုပ်ငန်း (၂၀၀) ကျော်ကို ကိုယ်စားပြုသည့် လက်လီနှင့် ဈေးဝယ် စင်တာများဆိုင်ရာ ဘယ်လ်ဂျီယံ လူဇင်ဘတ်ကောင်စီ (Belgian Luxembourg Council for Retail and Shopping Centres-BLSC) က သတိရှိရှိ ဘေးကင်းလုံခြုံစွာဖြင့် တာဝန်ယူမှုရှိသောပုံစံဖြင့် ဈေးဝယ်ထွက်ခြင်းကို ပြန်လည်ဆောင်ရွက်ကြရန် ပြည်သူများထံသို့ မေတ္တာရပ်ခံချက်ကို ထုတ်ပြန်ထားကြောင်းသိရသည်။

လက်လီအရောင်းဆိုင်များနှင့် ဈေးဝယ်စင်တာများ၌ ပြည်သူများ လာရောက်မှုသည် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် သိသိသာသာထိခိုက်မှုရှိခဲ့ပြီး၊ ယခင်တစ်ကြိမ်အသွားအလာကန့်သတ်မှု (lockdown)အား ပြန်လည်ဖြေလျှော့ခဲ့သည့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လတွင်ပင် ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ယခုနှစ် အရောင်းကာလဖြစ်သည့် ဩဂုတ်လတွင် ၁၁ ရာခိုင်နှုန်းနှင့် စက်တင်ဘာလတွင် ၁၅ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ အသွားအလာ ကန့်သတ်မှုကာလ အတွင်း အွန်လိုင်းမှဝယ်ယူမှုတွင်မူ တိုးတက်လာခဲ့ကြောင်းလည်း သိရသည်။

**Source: ဘရပ်ဆဲလ်တိုင်းမ်**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဘရပ်ဆဲလ်**

## ဂျပန်ဝန်ကြီးချုပ်က ၎င်း၏ပထမဆုံး ပြည်ပခရီးစဉ်၏ အောင်မြင်မှုများကိုပြောကြားခဲ့

ဂျပန်ဝန်ကြီးချုပ် Mr. Suga Yoshihide သည် အနာဂတ်တွင် အင်ဒို-ပစိဖိတ် ဒေသတွင်းငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကို တည်ဆောက်ရန်အတွက် အတူပူးပေါင်း ဆောင်ရွက်သွားကြရန် ဗီယက်နမ်နှင့်အင်ဒိုနီးရှားမှ နိုင်ငံ့ခေါင်းဆောင်များနှင့် သဘောတူညီမှုရရှိခဲ့ကြောင်း ပြောကြားလိုက်ပါသည်။

Mr. Suga သည် ပြီးခဲ့သည့် စက်တင်ဘာလက ဝန်ကြီးချုပ်အဖြစ် စတင်တာဝန်ယူခဲ့ပြီး နောက်ပိုင်း ပထမဆုံး ပြည်ပခရီးစဉ်အဖြစ် ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံများသို့ သွားရောက်ခဲ့ပြီး ခရီးစဉ်နောက်ဆုံးနေ့ဖြစ်သည့် အောက်တိုဘာလ ၂၁ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံမြို့တော်ဂျကာတာ၌ သတင်းထောက်များနှင့်တွေ့ဆုံခဲ့ပါသည်။

Mr. Suga က ဂျပန်နှင့် ASEAN သည် တရားဥပဒေစိုးမိုးရေး၊ အင်ဒို-ပစိဖိတ်ဒေသတွင်း ပွင့်လင်းမြင်သာမှုရှိစေရေးစသည့် အရေးကိစ္စများနှင့်ပတ်သက်သည့် အခြေခံများချမှတ်နိုင်ရန် တူညီသည့်ရည်ရွယ်ချက်များရှိကြသည့်အတွက် အပြန်အလှန်ပံ့ပိုးကူညီကာ ရင်းနှီးမှုများပိုမိုခိုင်မြဲအောင် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ၊ ၎င်းအနေဖြင့် ပြီးခဲ့တဲ့

နှစ်အတွင်း ASEAN အဖွဲ့ကြီးက အဆိုပြုခဲ့သည့် "ASEAN Outlook on the Indo-Pacific" ဟူသည့် ကြေငြာချက်ကို ဂျပန်နိုင်ငံက ထောက်ခံပါကြောင်း၊ အဆိုပါကြေငြာချက်သည် ဂျပန်နိုင်ငံ၏ လွတ်လပ်ပွင့်လင်းသည့် အင်ဒို-ပစိဖိတ်ဒေသရေး ဆိုင်ရာ ကနဦးလုပ်ရှားမှုများနှင့် အခြေခံ ရှုထောင့်ပိုင်းတွင် တူညီမှုများစွာ ရှိပါကြောင်း ပြောကြားခဲ့ပါသည်။ ဝန်ကြီးချုပ် Mr. Suga က အင်ဒို-ပစိဖိတ်ဒေသအတွင်း လွတ်လပ်ပွင့်လင်းမှုနှင့် တရား ဥပဒေစိုးမိုးရေးကိစ္စရပ်များ အမြစ်တွယ်ခိုင်မာလာမှသာ အဆိုပါဒေသတွင်း ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးတို့ကို အောင်မြင်စွာ ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ အဆိုပါအချက်သည် တောင်တရုတ်ပင်လယ်တွင် တရုတ်နိုင်ငံ၏ နေရာယူမှုတိုးမြှင့်လာခြင်းကို Mr. Suga အနေဖြင့် ရည်ရွယ်ထောက်ပြသည့်သဘောဖြစ်ကြောင်း သုံးသပ်ကြပါသည်။

တောင်တရုတ်ပင်လယ်၌ သဘောထားတင်းမာမှုများ ပိုမိုတိုးပွားလာစေမည့် မည်သည့်လုပ်ရှားမှုမျိုးကိုမဆို ဂျပန်နိုင်ငံအနေဖြင့် ကန့်ကွက်မည်ဖြစ်ပါကြောင်း၊ ဒေသတွင်းအရေးကိစ္စများတွင် ပါဝင်ပတ်သက်သူအားလုံးအနေဖြင့် အတင်းအကျပ်ဆောင်ရွက်ခြင်း သို့မဟုတ် အကျပ် ကိုင်ခြင်းများအစား နိုင်ငံတကာ ဥပဒေလုပ်ထုံးလုပ်နည်းများကို အခြေခံကာ ငြိမ်းချမ်းရေးနည်းလမ်းနှင့် ပြေလည်အောင် ဖြေရှင်းဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း ဝန်ကြီးချုပ်က အလေးအနက်ထား ပြောကြားခဲ့ပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်**

## STOCK EXCHANGE (21.10.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 21st Oct. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +100 | +1.01% | 10,000 | 10,000 | 10,000 | 1,047 | 10,470,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,700 | +0 | +0.00% | 3,700 | 3,700 | 3,700 | 5,269 | 19,495,300 | 38,929,150 | 144,038 |
| MCB | 00003 | 8,100 | +100 | +1.25% | 8,100 | 8,100 | 8,100 | 34 | 275,400 | 10,400,986 | 84,248 |
| FPB | 00004 | 22,500 | +500 | +2.27% | 22,000 | 22,500 | 22,000 | 5 | 110,500 | 2,472,053 | 55,621 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,750 | 976 | 2,687,400 | 12,823,224 | 35,905 |
| EFR | 00006 | 3,150 | +50 | +1.61% | 3,100 | 3,150 | 3,100 | 31 | 96,150 | 19,977,223 | 62,928 |

### Market summary

As of 21st Oct. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 439.44 | +4.02 | +0.92% | 437.94 | 439.44 | 437.94 | 7,362 | 33,134,750 | 6 | 653,867 |

**Index chart**



# Market Overview

As of 1:00 pm, 21st Oct. 2020

| MYANPIX | 439.44 ▲ 4.02 |
|---|---|
| Total Volume (shares) | 7,362 |
| Total Value (MMK) | 33 mil |
| Listed Company | 6 |
| Market Cap. (MMK) | 653,867 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲ 100 |
| MTSH | 00002 | 3,700 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 100 |
| FPB | 00004 | 22,500 | ▲ 500 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 3,150 | ▲ 50 |

Activate V
Go to Setting

TIR